စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ထုတ်ဝေသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၅/၂၀၁၉

## ၂၀၁၉ ခုနှစ်၊ မေလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ရှော်ဖြူ(ဆေးကုလားမ)ဈေးနှုန်းများနှစ်ဆနီးပါးမြင့်တက်
- ၂၀၁၉ ရဲ့ အမြင့်ဆုံးနှုန်းကို ရောက်လာတဲ့ ရေနံ၊ စက်သုံးဆီဈေးနှုန်း
- မိတ္ထီလာဒေသထွက် စပျစ်သီးများ ဈေးနှုန်းတည်ငြိမ်၍ ယခင်နှစ်ထက် ဈေးကောင်းရရှိ
- ကွမ်းသီးပင်၏ အကိုင်းအခက်များမှ ဖော့ဘူးနှင့်ပလတ်စတစ်ဘူးအစားထိုး ထုတ်ကုန်များ ထုတ်လုပ်မည်
- မြန်မာ့ပဲဈေးကွက်ကို ဆွဲတင်လိုက်သော အိန္ဒိယ ပဲအဝယ် ကြေညာချက်
- ရော်ဘာဈေးပြန်ကောင်းလာသဖြင့် လှောင်ထားသူများ စတင်ထုတ်ရောင်းလာ
- တစ်နိုင်ငံလုံး၌ ထောပတ်သီး စနစ်တကျ စိုက်ဧက နှစ်သောင်းကျော်ရှိ မြန်မာ GAP ရရှိရန်ဆောင်ရွက်နေ
- စိန်တလုံးသရက်သီးကို တမူးကုန်သွယ်ရေး နယ်စပ်စခန်းမှ တစ်ဆင့် အိန္ဒိယသို့ မေလဆန်းတွင် စတင်တင်ပို့မည်
- ထိုင်းနိုင်ငံသို့ တင်ပို့ရန် ဝယ်ယူနေသဖြင့် မန္တလေးဈေးကွက်တွင် ပြောင်းအရောင်းအဝယ်သွက်နေ
- ပြည်ပသို့ ကြက်သွန်နီ တင်ပို့မှု အလားလာ ကောင်းသော်လည်း ဈေးနှုန်း ကျဆင်းနေ

### နိုင်ငံတကာဈေးကွက်

- အော်ဂဲနစ် လက်ဖက်ခြောက် တစ်တန်ခွဲ ဂျာမနီနိုင်ငံသို့ တင်ပို့မည်
- တရုတ်နိုင်ငံသို့ ယခုနှစ်အတွင်း ဖရဲ၊ သခွား တန်ချိန် ၁၀ သိန်းခန့် တင်ပို့နိုင်မည်ဟုဆို
- အမေရိကန်က ရေနံဈေးကွက်ကို ထိန်းကျောင်းပြီး ရေနံဈေးနှုန်းများကျဆင်းစေရန်ကြိုးပမ်းမည်
- အီရန်ရေနံတင်ပို့ကုန် ဝယ်ယူသည့်နိုင်ငံများအား အရေးယူမည်ဟု အမေရိကန်ထုတ်ပြန်
- အမေရိကန်နဲ့ အီးယူအကြားကုန်သွယ်ရေးတင်းမာမှု့များမြင့်တက်လာပြန်တဲ့ အခိုက်အတန့်

### ပြည်တွင်းကုန်သွယ်မှုသတင်း

- ပန်းတနော်တွင် ခေတ်မီငါးသားဖောက်စက်ရုံနှစ်ရုံတည်ဆောက်နေ
- ၂၀၃၀ တွင် မြန်မာနိုင်ငံ၏ ဂျီဒီပီ ဒေါ်လာဘီလီယံ ၂၀၀ ခန့်ရှိမည်ဟု နိုင်ငံခြားအာမခံကုမ္ပဏီ ခန့်မှန်း

### ပြည်ပကုန်သွယ်မှုသတင်း

- ဂျုံသီးနှံ ဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာ သုတေသနဗဟိုဌာနတို့ ပူးပေါင်းလုပ်ဆောင် သွားမည်
- ဒန့်ဒလွန်သီး ထုတ်ကုန်များ ဝယ်ယူရန် ကမ်းလှမ်းထားသည့် ဂျပန်ကုမ္ပဏီမှ ယခုလကုန်ပိုင်းတွင် အကြောင်းပြန်မည်

### အထူးဆောင်းပါးများ

- ဈေးကွက်အခိုင်အမာရှိသည့် သစ်မွှေးစိုက်ပျိုးရေးလုပ်ငန်းများတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်

### ကုန်သွယ်မှုအခြေအနေ

### ကုန်စည်ဈေးနှုန်းများ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ဝ၁-၃၇၁၂၀၃
ဝ၁-၃၈၈၂၉၇
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉၀
ဖက်စ် ဝ၁-၃၇၆၄၁၆
http://www.trade.gov.mm
myantradetir2016@gmail.com

## လျှော်ဖြူ(ဆေးကုလားမ)ဈေးနှုန်းများနှစ်ဆနီးပါးမြင့်တက်

ယခင်နှစ်ထက် လျှော်ဖြူဈေးနှုန်းများမှာ နှစ်ဆနီးပါးတက်လာကြောင်း မြန်မာလျှော်ဖြူ စိုက်ပျိုးထုတ်လုပ်သူများ အသင်းမှသိရပါတယ်။ ယခုလဆန်းပိုင်းအတွင်း လျှော်ဖြူအစေးများ အဝယ်လိုက်လာတာကြောင့် ဈေးနှုန်းများမှာ ထိပ်စ တစ်ပိဿာကို နှစ်ဆနီးပါးတက်လာတာဖြစ်ကြောင်း မြန်မာ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူများ အသင်းမှ ဒုတိယဥက္ကဌ ဦးစိန်ကပြောပါတယ်။ "အခုလဆန်းပိုင်း အတွင်းမှာပဲ လျှော်ဖြူကအဝယ်လိုက်လာတယ်။ အရင်လက လျှော်ဖြူက ဈေးငြိမ်နေတယ်။ အခုဒီရက်လေး အတွင်းမှာပဲဖြစ်သွားတာ။ ဝယ်လက်တွေကလည်း ဈေးမြှင့်ပြီးပေးကြတော့ ဈေးက တက်လာတာပါ" ယခင်လက လျှော်ဖြူတစ်ပိဿာကို ကျပ် ၁၈၀၀၀ ဝန်းကျင်သာရှိနေပြီး ယခုဇူလိုင် ဆန်းပိုင်းအတွင်း လျှော်ဖြူ တစ်ပိဿာကို ကျပ်၃၅၀၀၀ ထိရှိကြောင်း မြန်မာလျှော်ဖြူ စိုက်ပျိုး ထုတ်လုပ်သူများအသင်းမှသိရပါတယ်။

လျှော်ဖြူပင်ကို မန္တလေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ အများဆုံးစိုက်ပျိုးပြီး မကွေးတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတို့မှာ စိုက်ပျိုးကြောင်းလည်း မြန်မာလျှော်ဖြူစိုက်ပျိုး ထုတ်လုပ်သူများအသင်းမှသိရပါတယ်။

Source: https://www.facebook.com/gromaxxmyanmar/

## ၂၀၁၉ ရဲ့ အမြင့်ဆုံးနှုန်းကို ရောက်လာတဲ့ ရေနံ၊ စက်သုံးဆီဈေးနှုန်း

သကြၤန်တွင်းကာလမှာ ကမ္ဘာ့ရေနံစိမ်း (လန်ဒန်) ဈေးနှုန်းဟာ တစ်စည်ကို ၇၂ ဒေါ်လာအထက်နဲ့ ဒီနှစ် ၂၀၁၉ ရဲ့ အမြင့်ဆုံးအဆင့်ကို ရောက်ရှိလာသလိုပဲ ပြည်တွင်းက စက်သုံးဆီဈေးတွေကလည်း ဒီနှစ်ရဲ့ အမြင့်ဆုံးနှုန်းအထိကို တက်လှမ်းလာခဲ့ပါတယ်။ ကမ္ဘာ့ရေနံစိမ်းဈေးမြင့်လာတဲ့ အကြောင်းရင်းတွေထဲမှာ မျှော်လင့်တာထက် ပိုကောင်းလာတဲ့ တရုတ်စီးပွားရေး၊ လျော့ကျလာတဲ့ ရေနံရောင်းအားနဲ့ ပထဝီနိုင်ငံရေး အခြေအနေတွေက အဓိက ပါဝင်ပတ်သက်နေပါတယ်။ ရေနံဈေးနဲ့အပြိုင် သိသာမြင်သာမြင့်တက်လာတဲ့ ပြည်တွင်းစက်သုံးဆီဈေးနှုန်းတွေနဲ့ ပတ်သက်လို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က သကြၤန်မတိုင်ခင် မိန့်ခွန်းတစ်ခုမှာ စက်သုံးဆီဈေးကျဆင်းရေးအတွက် ပိုပြီးကြိုးစားလုပ်ဆောင်မယ်လို့ ပြောဆိုခဲ့သလို စက်သုံးဆီအသင်းနဲ့ စက်သုံးဆီကုမ္ပဏီတွေကို လည်း အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းပြောကြားခဲ့တာ တွေ့ရပါတယ်။

Source: https://www.facebook.com/gromaxxmyanmar/

## မိတ္ထီလာဒေသထွက် စပျစ်သီးများ ဈေးနှုန်းတည်ငြိမ်၍ ယခင်နှစ်ထက် ဈေးကောင်းရရှိ

မိတ္ထီလာဒေသထွက် စပျစ်သီးများ ဈေးကွက်အတွင်း ဈေးနှုန်းတည်ငြိမ်၍ ယခင်နှစ်ထက် ဈေးကောင်းရရှိကြောင်း ဒေသခံစပျစ်စိုက်ပျိုးသူများထံမှသိရသည်။ မိတ္ထီလာဒေသထွက်စပျစ်သီးက ဒီနှစ်ဈေးကွက် အတွင်းမှာ ဈေးနှုန်းတည်ငြိမ် တာကြောင့် ယခင်နှစ်ထက် ဈေးကောင်းရရှိတယ်လို့ ပြောရမယ်။ မနှစ်က အစိမ်းရောင် ကြွေနီအသီးက တစ်ပိဿာကို ၁၂၀၀ ကျပ်၊ ၁၃၀၀ ကျပ်ပဲရောင်းရတယ်။ ဒီနှစ်အစိမ်းရောင် ကြွေနီအသီးမျိုး တစ်ပိဿာကို ပွဲရုံသွင်းဈေးက တစ်ပိဿာ ၂၀၀၀ ကျပ်ရှိပါတယ်။ အညိုရောင် ဘီကျူးသီးတော့ မနှစ်က ကျပ် နှစ်ထောင်ကျော်ပဲရှိပေမယ့် ဒီနှစ်တစ်ပိဿာ ၃၀၀၀ ကျပ်၊ ၃၂၀၀ ကျပ်အထိ ဈေးရတယ်ဟု ရွှေစည်သည် ကျေးရွာသွားလမ်းရှိ ကျွဲတလင်းအုပ်စုတွင် စပျစ်ခြံစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ကိုဇင်မင်းဦးက ပြောသည်။

၄င်း၏စပျစ်ခြံမှ လက်လီလက်ကားဈေးကွက်အတွင်း စပျစ်သီးပိဿာချိန် ၅၀၀ ခန့် ပုံမှန်ရောင်းချရကြောင်း သိရသည်။ မိတ္ထီလာဒေသထွက် စပျစ်သီးများကို မိတ္ထီလာဈေးကွက်အတွင်း လက်လီလက်ကား ပြန်လည်ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် နယ်ဝေးဒေသများအထိ တင်ပို့ရောင်းချရခြင်းရှိ၍ ဈေးကွက်ခိုင်မာမှုရှိသော်လည်း ဈေးနှုန်း အတက် အကျမှာမူ အတိအကျခန့်မှန်းနိုင်ခြင်းမရှိကြောင်း သိရသည်။ မိတ္ထီလာတွင် ကျွဲတလင်း၊ မကျီးစု၊ ထမုန်ကန်၊ ရွှေတောင်၊ ဝွေးတောက်ကုန်၊ ရှမ်းတဲ စသည့်ကျေးရွာများတွင် စပျစ်ကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်းသိရသည်။

Source:https://www.facebook.com/MYANMAALINNNEWS/

## ကွမ်းသီးပင်၏ အကိုင်းအခက်များမှ ဖော့ဘူးနှင့်ပလတ်စတစ်ဘူးအစားထိုး ထုတ်ကုန်များ ထုတ်လုပ်မည်

မြန်မာနိုင်ငံတစ်ဝန်းရှိ ကွမ်းသီးထွက်သော ဒေသများတွင် ကွမ်းသီးပင်၏ အကိုင်းအခက်များနှင့် အလက်များမှ ဓာတုပစ္စည်းကင်းစင်သည့် ဖော့ဘူးနှင့်ပလတ်စတစ်ဘူးအစားထိုး ထုတ်ကုန်များထုတ်လုပ်နိုင်ရန် နည်းပညာနှင့် စက်ပစ္စည်းများထောက်ပံ့မည်ဖြစ်ကြောင်း A Grace ဟိုက်ဒရောလစ် စက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း မန်နေဂျာကို မျိုးစန်းဦးက ပြောသည်။ ၎င်းတို့ထုတ်လုပ်ထားသည့် ဟိုက်ဒရောလစ်စက်များသည် ကွမ်းသီးပင်၏ အကိုင်းအခက်များနှင့် အလက်များကို အသုံးပြုကာ ပန်းကန်ပြား၊ လင်ပန်း၊ ခွက်များ၊ ဇွန်းများနှင့် ဘူးငယ်များအစရှိသည့် ပုံစံမျိုးစုံကို ဖော့ဘူးများအတိုင်း အသုံးပြုနိုင်စေရန် ထုတ်လုပ်ပေးနိုင်သည်။ ထို့အပြင် တစ်ခါသုံးမဟုတ်ဘဲ ပြန်လည်ဆေးကြောကာ အသုံးပြုနိုင်ပြီး သဘာဝပစ္စည်းများဖြစ်၍ စွန့်ပစ်ပါက ပတ်ဝန်းကျင်ကို မထိခိုက်စေသည့်အပြင် မြေသြဇာအဖြစ် ပြန်လည်ရရှိစေမည်ဖြစ်သည်။ "ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေက တစ်ခုကို ကျပ် ၁၀၀ လောက် ရှိတဲ့အတွက် ဖော့ဘူးထက်တော့ ဈေးနည်းနည်းပိုများတယ်။ ဒါပေမဲ့ဆေးကြောပြီးပြန်သုံးလို့လည်းရတယ်။ လုံးဝဓာတုကင်းစင်ဖြစ်တဲ့အတွက် ကျန်းမာရေးအတွက်ရော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက်ကိုပါ အများကြီးအထောက်အကူပြုစေပါတယ်"ဟု A Grace ဟိုက်ဒရောလစ် စက်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းနည်းပညာတာဝန်ခံ ကိုကျော်မိုးက ပြောသည်။



၎င်းတို့အနေဖြင့် ကွမ်းသီးပင်များ အဓိကစိုက်ပျိုးရာ မတ္တရာ၊ သံတောင်မြို့နှင့် တနင်္သာရီတိုင်းရှိ ကွမ်းသီး ထွက်ရှိရာ ခြံများ၌ စက်ပစ္စည်းများ ကိုယ်ပိုင်ဝယ်ယူကာ ထုတ်လုပ်လိုသည်ဖြစ်စေ၊ နည်းပညာနှင့်စက်ပစ္စည်း အကူအညီ နှစ်ခုစလုံး ရယူကာ ရရှိလာသည့်ထုတ်ကုန်များကို အကျိုးတူပူးပေါင်း၍ ရောင်းချလိုသည်ဖြစ်စေ ကူညီမည်ဖြစ်သည်။ A Grace ဟိုက်ဒရောလစ် စက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းအနေဖြင့် အဆိုပါ ဟိုက်ဒရောလစ်စက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး လွန်ခဲ့သော ၂ နှစ်ခန့်ကတည်းက စတင်ဆောင်ရွက်ပြီး ၂၀၁၉ တွင် ဈေးကွက်အတွင်း တရားဝင်ရောင်းချရန် ဆောင်ရွက်နိုင်ခဲ့ကာ စက်တစ်လုံးလျှင် ကျပ်သိန်း ၂၀ ခန့်တန်ဖိုးရှိ ကြောင်း ကိုကျော်မိုးက ပြောသည်။

Soure: http://www.7daydaily.com/story/154060?

## မြန်မာ့ပဲဈေးကွက်ကို ဆွဲတင်လိုက်သော အိန္ဒိယ ပဲအဝယ် ကြေညာချက်

ယခု ၂၀၁၉-၂၀ ဘဏ္ဍာနှစ်အတွင်း မတ်ပဲနှင့် ပဲတီစိမ်း တန်ချိန် တစ်သိန်းခွဲစီနှင့် ပဲစင်းငုံ တန်ချိန် နှစ်သိန်း၊ စုစုပေါင်း တန်ချိန် ငါးသိန်းကို ဝယ်ယူတင်သွင်းမည်ဟု အိန္ဒိယအစိုးရက မကြာသေးခင်က ကြေညာပြီးနောက် မြန်မာ့ပဲဈေးကွက်တွင် ဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ရသည်။



လွန်ခဲ့သောနှစ်လခန့်က အိန္ဒိယမှပဲအဝယ်ရပ်ဆိုင်းသည့် သတင်းများကြောင့် မြန်မာ့ပဲဈေးကွက်အခြေအနေ ယိမ်းယိုင်သလိုဖြစ်ခဲ့ပြီးနောက်တွင်လက်ရှိ ဘဏ္ဍာနှစ်သစ်အတွက် ပဲအဝယ်ခွဲတမ်း ကြေညာချက်ကို အိန္ဒိယမှတရားဝင် ထုတ်ပြန်လာခြင်းဖြစ် သည်။

အိန္ဒိယ၏အဆိုပါ ပဲအဝယ်ခွဲတမ်းပမာဏ(တန်ချိန်ငါးသိန်း)သည် ယခင်ဘဏ္ဍာနှစ်အတိုင်းထပ်တူဖြစ်နေ၍ အားရကျေနပ်စရာမဟုတ်သော်လည်း ထူးခြားသတင်းကို စောင့်မျှော်နေသော မြန်မာ့ပဲဈေးကွက်အား ပြန်လည်လှုပ်ရှားဦးမော့လာစေသည်ဟု ပဲလုပ်ငန်းအသိုင်းအဝိုင်း က ဆိုသည်။

မတ်လ ၃၀ ရက်နေ့က ထုတ်ပြန်သော အိန္ဒိယအစိုးရ ကြေညာချက်တွင် ပြည်ပပဲတင်သွင်းမှု ကန့်သတ်ချက်ကို ၂၀၂၀၊ မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးကြောင်း ဖော်ပြထားပြီး မတ်ပဲ၊ ပဲတီစိမ်း တန်ချိန် တစ်သိန်းခွဲစီ နှင့် ပဲစင်းငုံတန်ချိန် နှစ်သိန်းကိုမူ နှစ်စဉ်အဝယ်ခွဲတမ်းအဖြစ် ဆက်လက် တင်သွင်းမည်ဟု ဖော်ပြထားသည်။

ယင်းကြေညာချက်တွင် တင်သွင်းမည့် ကာလနှင့် ပုံစံများကို အသေးစိတ် ဖော်ပြမထားသော်လည်း ထိုသတင်းထုတ်ပြန်ချက်ကြောင့် မြန်မာ့ပဲဈေးကွက်တွင် ဈေးနှုန်းများ မြင့်တက်လာသည်ဟု သတင်းများတွင် ဖော်ပြသည်။ ထွက်သမျှပဲအများစုကို အိန္ဒိယဘက်သို့ အလေးထား တင်ပို့နေသည့် မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း မတ်ပဲ၊ ပဲစင်းငုံများ အထွက်နည်းမည့် အလားအလာရှိနေပြီး အိန္ဒိယအပြင် အခြားနိုင်ငံများမှလည်း အဝယ် ရှိနေသဖြင့် ပြည်တွင်းပဲဈေးနှုန်းများ တက်ရိပ်ရှိနေသည်ဟု ခန့်မှန်းထားကြသည်။

ကနေဒါ၊ ဩြစတြေးလျ စသော ပဲပို့ကုန်နိုင်ငံကြီးများမှ ဈေးကွက်ကျွမ်းကျင်သူများက ယခုနှစ် အိန္ဒိယနိုင်ငံတွင် ပဲမျိုးစုံ အထွက်နည်းမည်ဟု ခန့်မှန်းကြပြီး အိန္ဒိယအစိုးရ၏ ထုတ်ပြန်ချက်များတွင်လည်း မိုးစိုက်ပဲ အထွက်နှုန်း လျော့ကျမည့် အကြောင်းနှင့် ဆောင်းစိုက်ပဲဇော လျော့နည်းနေကြောင်း အချက်အလက်များကို တွေ့ရှိရသည်။
Source:https://www.facebook.com/gromaxxmyanmar/

## ရော်ဘာဈေးပြန်ကောင်းလာသဖြင့် လှောင်ထားသူများ စတင်ထုတ်ရောင်းလာ

မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် ဧပြီလ၊ တတိယပတ်မှစတင်ကာ ရော်ဘာများဈေးကောင်း လာသဖြင့် သိုလှောင် ထားသော ရော်ဘာများကို ထုတ်ရောင်းသူများလာကြောင်း ဒေသတွင်းရှိ ရော်ဘာအဝယ်ဒိုင်များထံမှ သိရသည်။

ကမ္ဘာ့ရော်ဘာဈေးကွက်တည်ငြိမ်နေသော်လည်း တရုတ်ဝယ်လိုအား ပြန်တက်လာသဖြင့် ရော်ဘာဈေး အနည်းငယ် ပြန်တက်လာခြင်းကြောင့် ခြံပိတ်ရပ်နားထားသူများမှာ ရော်ဘာပြန်လည်အစေးခြစ်သည့်လုပ်ငန်းကို လုပ်ကိုင် လာကြသူများ ရှိသလို ယခင်လများက ရော်ဘာဈေးမကောင်းသဖြင့် မရောင်းဘဲ သိုလှောင်ထားသူများမှာလည်း ပြန်လည်ရောင်းချ လာကြကြောင်း သိရသည်။ "ဒီရက်ပိုင်း ဈေးပြန်ကောင်းလာတယ်။ တစ်ပေါင်ကို ကျပ် ၅၀ ကျော်လောက်ပြန်တက်လာတယ်။ အထွက်နှုန်းကတော့နည်းနေတယ်။ လွန်ခဲ့တဲ့ နှစ်လလောက်က ဈေးမကောင်းတော့ ခြံပိတ်သူ၊ လှောင်ထားတဲ့သူတွေများလို့ လာရောင်းတဲ့သူတွေတောင်နည်းသွားတယ်။ အခုတလော ပြန်ရောင်းသူ များလာတယ်။ ပိတ်ထားတဲ့ ခြံတွေလည်း ပြန်ခြစ်ပြီး လာရောင်းကြတယ်။ သင်္ကြန်နားနီးလာတော့ လာရောင်းသူများလာတယ်ဟု" သထုံမြို့မှ ဒေါ်ကြည်ရော်ဘာ ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်မှ ပြောသည်။

၂၀၁၈-၂၀၁၉ ရော်ဘာလုပ်ငန်းချိန်ရာသီတွင် ရော်ဘာဈေးနှုန်းများမကောင်းခြင်း၊ လုပ်သား ငှားရမ်းခဈေးမြင့်ခြင်း၊ လုပ်သားခေါ်ယူရရှိမှု ခက်ခဲခြင်းများအပြင် ကုန်ကျစရိတ်နှင့် ရော်ဘာရရှိမှု အခြေအနေမကိုက်သဖြင့် ရာသီမကုန်ခင် ရပ်နားသူများရှိခဲ့ကြောင်း သထုံမြို့နယ်၊ ရော်ဘာထုတ်လုပ်သူ များအသင်းမှ သိရသည်။

သထုံမြို့နယ်အတွင်း စိုက်ပျိုးထားရှိသော ရော်ဘာပင်များတွင် မျိုးကောင်း၊ မျိုးသန့် ရော်ဘာမျိုး စိုက်ပျိုးထား သည်ထက် အစေ့ပေါက် ရော်ဘာပင်များ စိုက်ပျိုးလုပ်ကိုင်သူများသဖြင့် အထွက်နှုန်းများစွာ ကျဆင်းနေကြောင်း သိရသည်။

သထုံမြို့နယ်အတွင်း နှစ်စဉ်ရော်ဘာအစေးခြစ်ကာလအား စက်တင်ဘာလမှ စတင်ကာ မေလဆန်းပိုင်းအထိ လုပ်ကိုင်ကြပြီး ယခင်နှစ်များတွင် ရော်ဘာဈေးအသင့်အတင့်ရှိနေခြင်းကြောင့် ဧပြီလအထိ လုပ်ကိုင်ကြသော်လည်း ယခုနှစ်တွက်ခြေမကိုက်ကြသဖြင့် ဖေဖော်ဝါရီပထမပတ်မှစတင်ကာ လုပ်ငန်းရပ်နားထားသူများ ဧပြီလတွင် ဈေးပြန် ကောင်းလာခြင်းကြောင့် ပြန်လည်လုပ်ကိုင်သူများလည်း ရှိလာကြောင်း သိရသည်။

ယခုနှစ်ရာသီဖွင့်အစတွင် ဈေးအကောင်းဆုံးအဖြစ် မှိုင်းခံရော်ဘာတစ်ပေါင်လျှင် ကျပ် ၈၀၀ ဝန်းကျင်၊ နေလှန်း တစ်ပေါင်လျှင် ၇၄၀ ကျပ်ဝန်းကျင်သာရရှိခဲ့ပြီး ဖေဖော်ဝါရီလ ဒုတိယအပတ်တွင် မှိုင်းခံတစ်ပေါင်လျှင် ၇၃၀ ကျပ်၊ နေလှန်းတစ်ပေါင်လျှင် ၆၇၀ ကျပ်ဝန်းကျင်ပေါက်ဈေးရှိခဲ့ပြီး ဧပြီလ ဒုတိယပတ်တွင် မှိုင်းခံတစ်ပေါင်လျှင် ၈၃၀ ကျပ်၊ နေလှန်းတစ်ပေါင်လျှင် ၇၈၀ ကျပ်အထိ ဈေးပြန်ရလာကြောင်း ရော်ဘာအဝယ်ဒိုင်များထံမှ သိရသည်။
Source: the farmer journal

## တစ်နိုင်ငံလုံး၌ ထောပတ်သီး စနစ်တကျ စိုက်ခင်း နှစ်သောင်းကျော်ရှိ မြန်မာ GAP ရရှိရန်ဆောင်ရွက်နေ

ပြည်ပကမ်းလှမ်းချက်များအတိုင်း တင်ပို့နိုင်ရန် ထောပတ်သီးစိုက်ခင်းများ တိုးချဲ့လျက်ရှိရာ လတ်တလောတွင် တစ်နိုင်ငံလုံး၌ စနစ်တကျစိုက်ပျိုးထားသည့် ထောပတ်သီးစိုက်ခင်း နှစ်သောင်းကျော်ရှိပြီး မြန်မာGood Agriculture Practices (GAP) ရရှိရန် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးမင်းထံမှ သိရသည်။ ထို့ပြင် Global GAP လက်မှတ်ရရှိရေးအတွက် ကနဦး အနေဖြင့် မြန်မာ GAP လက်မှတ်များ ရရှိရန်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လတ်တလောတွင် GAP လက်မှတ်မရရှိသေး သည့်အတွက် ဈေးနှုန်းရရှိမှု နည်းပါးနေသေးကာ GAP လက်မှတ်ရရှိ ပြီးပါက ဈေးကောင်းရရှိနိုင်မည် ဖြစ်ကြောင်းသိရ သည်။

မြန်မာ GAP လက်မှတ်ရရှိရန် ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်ရှိ ထောပတ်သီးစိုက်ပျိုးသည့်ခြံများကို စာရင်းကောက်ယူ၍ စိုက်ပျိုးရေးဦးစီးဌာနသို့ သကြ်န်ပြီးကာလအတွင်း တင်ပြမည်ဖြစ်ကာ လတ်တလောတွင် စုစုပေါင်း မြေဧက ၈၀၀ မှ ၁၀၀၀ ဝန်းကျင်ရှိသည့် ထောပတ်သီးခြံပေါင်း ၂၀ ခန့်မှ လာရောက် စာရင်းပေးထားကြောင်းသိရသည်။ GAP နည်းစနစ်ဆိုသည်မှာ သီးနှံများမစိုက်ပျိုးမီ မြေ၊ မျိုးစေ့၊ သုံးစွဲသည့် ရေ၊ မြေသြဇာစသည်တို့ကိုပြင်ဆင်ချိန်မှစ၍ဈေးကွက်သို့ တင်ပို့သည့်တစ်လျှောက် စိုက်ပျိုးရိတ်သိမ်း၊



ပြင်ဆင်ထုပ်ပိုး၊ သိုလှောင်မှုလုပ်ငန်းစဉ် အဆင့်ဆင့်ဆောင်ရွက်ရာတွင် စားသုံးသူများအား ဘေးအန္တရာယ် ဖြစ်စေနိုင်သော ဓာတ်ကြွင်းဓာတ်ကျန်ပစ္စည်းများ မပါဝင်ရန်၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်သဘာဝတများ ထိခိုက်ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းသည့် အလေ့အကျင့်ကောင်းများ လိုက်နာသည့်စနစ် ဖြစ်ကြောင်း သိရသည်။ ထောပတ်သီးကို အဓိကအားဖြင့် ရှမ်း ပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း)၊ ပြင်ဦး လွင်၊ နောင်ချို၊ လားရှိုး၊ မူဆယ်၊ နမ့်စန်၊ ပင်လုံ၊ လွယ်လင် စသည့်ဒေသများ၌ စိုက်ပျိုးထားပြီး ပြည်ပလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ထောပတ်သီး ဧက ငါးသောင်းမှ တစ်သိန်းအထိ စနစ်တကျစိုက်ပျိုး ရန် လျာထားကြောင်း သိရသည်။

Source:https://www.foodindustrydirectory.com.mm/food-industry/

## စိန်တလုံးသရက်သီးကို တမူးကုန်သွယ်ရေး နယ်စပ်စခန်းမှ တစ်ဆင့် အိန္ဒိယသို့ မေလဆန်းတွင် စတင်တင်ပို့မည်

စိန်တလုံးသရက်သီးကို အိန္ဒိယနယ်စပ် တမူးကုန်သွယ်ရေးစခန်းမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ လာမည့်မေလဆန်းတွင် စတင်တင်ပို့ရန် ပြင်ဆင်နေကြောင်း သိရသည်။ " စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်နဲ့ ချင်းပြည်နယ်အစပ်ကြားမှာ စိုက်ပျိုးထားတာပါ။ ကိုယ့်ဂယ်လက်နဲ့ ကိုယ့်ပွဲစားကတစ်ဆင့် တင်ပို့တာပါ။ မနှစ်ကတော့ နည်းနည်းပို့ခဲ့တယ်။ အသီးကောင်းတွေတော့မဟုတ်ဘူး။ ဒီနှစ်တော့ အသီးကောင်းတွေစပို့မယ်။ ထုပ်ပိုးမှုကတော့ သစ်သားသေတ္တာနဲ့ပို့တာပါ။ တမူးနယ်စပ်ကနေပို့မှာပါ။ မေလလယ်လောက်မှ စတင်တင်ပို့နိုင်မယ်။ သေတ္တာနဲ့ကတော့ ၃၅ ကီလိုဆိုဒ်တွေ ပို့မှာပါ။ သရက်သီး ထိပ်စ၊ အလတ်စ အစုံတင်ပို့မှာပါ။ အိန္ဒိယဂယ်လက်က တရုတ်ဂယ်လက်လို သရက်သီးရွေးချယ်မှုဈေးမများဘူး။ ခရီးလည်း မူဆယ်ထက်ပိုနီးတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်မှ သရက်စိုက်တောင်သူ ဦးအောင်ကြည်ဝင်း က မြန်မာတောင်သူကြီးများဂျာနယ်ကို ပြောသည်။

အိန္ဒိယနိုင်ငံသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် သရက်သီးတန်ချိန် ၁၃၅ မက်ထရစ်တန် (အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃ သန်း)၊ ၂၀၁၈ ခုနှစ်၊ ကာလတိုခြောက်လတွင် တန်ချိန် ၈၀ (အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၇ သန်းဖိုး)တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ကုန်သွယ်ရေးစာရင်းများအရ သိရသည်။

မြန်မာ့သရက်သီးတင်ပို့မှုကို တရုတ်နိုင်ငံသို့သာ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းက အဓိကထား တင်ပို့လျက်ရှိသော်လည်း အိန္ဒိယနိုင်ငံ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကပါ တင်ပို့နိုင်ပါက မြန်မာ့သရက်သီးဈေးကွက် ပိုမိုကျယ်ပြန့်လာကာ သရက်စိုက်တောင်သူများ ပိုမိုအဆင်ပြေလာနိုင်ကြောင်း သိရသည်။

Source: the farmer journal

## ထိုင်းနိုင်ငံသို့ တင်ပို့ရန် ဝယ်ယူနေသဖြင့် မန္တလေးဈေးကွက်တွင် ပြောင်းအရောင်းအဝယ်သွက်နေ

မန္တလေးဈေးကွက်အတွင်း ပြောင်းကုန်စည်မှာ တရုတ်နိုင်ငံမှ ဝယ်ယူမှု ရပ်တန့်ထားခြင်းကြောင့် အရောင်းအဝယ်ကျဆင်းနေရာမှ ထိုင်းနိုင်ငံသို့တင်ပို့ရန်အတွက် ဝယ်ယူမှုများရှိလာခြင်းကြောင့် ဈေးနှုန်းမတက်သော်လည်း အရောင်းအဝယ်သွက်လျက်ရှိကြောင်း၊ မန္တလေးပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်းမှ သိရသည်။"အဓိကဝယ်ယူနေတဲ့ တရုတ်က အဝယ်ရပ်လိုက်တော့ ဈေးတွေလည်းကျသွားတယ်။ တောင်သူတွေလည်း အခက်အခဲတွေနဲ့ ကြုံတွေ့ကြရတာပေါ့။ အဓိကဈေးကွက်တစ်ခုတည်းကိုဘဲ မှီခိုနေရတော့ အခုလိုအခြေအနေ တွေဖြစ်လာတာပါ။ အခု ထိုင်းနိုင်ငံက ဝယ်ယူတဲ့အတွက် အရောင်းအဝယ် ဖြစ်လာပေမယ့် တောင်သူတွေကြိုက်တဲ့ ဈေးတော့မဟုတ်သေးပါဘူး။ ဘာပဲဖြစ်ဖြစ် အခုလို အဝယ်သွက်လာတာကိုက ကောင်းတဲ့ကိစ္စပါ" ဟု စိုးဝင်းမြင့်ပွဲရုံပိုင်ရှင်က ပြောသည်။

ပြောင်းဈေးနှုန်းမှာ ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံမှ ဝယ်ယူမှုကြောင့် သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၃၀၀၀၀ အထိ ဈေးရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် အဝယ်ရပ်ဆိုင်းလိုက်ခြင်းကြောင့် ဈေးနှုန်းတဖြည်းဖြည်း ကျဆင်းလာကာ သုံးတင်းဝင်

တစ်အိတ်လျှင် ကျပ် ၂၂၅၀၀ အထိ ကျဆင်းခဲ့သည်။ ယခုရက်ပိုင်းအတွင်း ထိုင်းသို့တင်ပို့ရန် အရောင်းအဝယ်ဖြစ်နေခြင်းကြောင့် တစ်အိတ်လျှင် ကျပ် ၂၃၅၀၀ အထိ ဈေးပြန်တက်လာသည့်အပြင် အရောင်းအဝယ်မှာလည်း သွက်လာကြောင်း သိရသည်။ "ဈေးကွက်တစ်ခုတည်းကိုပဲ အားကိုးတော့ ဒီဈေးကွက်က အကြောင်းအမျိုးမျိုးကြောင့် ပျက်သွားရင် တောင်သူတွေမှာ အခက်အခဲတွေနဲ့ကြုံတွေ့ရတယ်။ ပြောင်းကို ပြည်တွင်းအစာစက်ရုံတွေက ပုံမှန်ဝယ်ယူတဲ့အပြင် လက်ရှိမှာ ထိုင်းနိုင်ငံအတွက် မန္တလေးဈေးကွက်ထဲကို လာရောက်ဝယ်ယူလို့ တောင်သူတွေအတွက် အသက်ရှူနည်းနည်းတော့ ချောင်သွားတာပေါ့"ဟု မန္တလေးအခြေစိုက် ကုန်သည်တစ်ဦးက ပြောသည်။

ပြောင်းသီးနှံသည် ရာသီမရွေးတောင်ပေါ်၊ မြေပြန့်ဒေသများတွင် သီးထပ်သီးနှံအဖြစ် စိုက်ပျိုးနိုင်ပြီး လက်ရှိတွင် မန္တလေးဈေးကွက်အတွင်းသို့ ရေစကြို၊ မုံရွာ၊ ပခုက္ကူ၊ မြင်းခြံ၊ မတ္တရာနှင့် စဉ့်ကူးမြို့နယ်များမှ ရေသွင်းစိုက် နွေပြောင်းများ ဈေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ Source: the farmer journal

## ပြည်ပသို့ ကြက်သွန်နီ တင်ပို့မှု အလားလာ ကောင်းသော်လည်း ဈေးနှုန်း ကျဆင်းနေ

၂၀၁၉ ခုနှစ် သုံးလအတွင်း(ဇန်နဝါရီမှ မတ်လ) အထိ ပြည်ပသို့ ကြက်သွန်နီ တန်ချိန် ၂၀,၀၀၀ ခန့် အမေရိကန်ဒေါ်လာ ၄ သန်းကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ "ပိုတင်ပို့လာနိုင်ပြောနိုင်ပေမယ့် ၂၀၁၆ - ၁၇ ဘဏ္ဍာနှစ်ကနဲ့ ယှဉ်ရင်ဈေးနှုန်းတွေ ကျဆင်းနေတယ်။ အခုလည်း ပြည်တွင်းဈေးကလှောင်လက်ကြိုက်ဈေးပဲ။ တစ်ပိဿာ ၅၀၀ ကျပ်ဈေးက ထုတ်လုပ်မှု စရိတ်အောက် ကျဆင်းနေတယ်။ တရုတ်ဘက်၊ အိန္ဒိယဘက်ကို နယ်စပ် လမ်းကြောင်းကနေ သွားနေတယ်။ ဒါကလည်း ပြည်တွင်းမှာ ပိုလျှံနေတော့ ပြည်ပပိုမိုပို့ဖို့ ကြိုးပမ်းနိုင်မှ စိုက်ပျိုး တောင်သူတွေ ဈေးကောင်းလာမှာ ဖြစ်တယ် " ဟု မန္တလေးရှိ ဝင်းမြပွဲရုံ က ပြောသည်။

ပြည်ပသို့တင်ပို့ရာတွင်လည်းပုတ်ကုန်သီးနှံအမျိုးအစားဖြစ်၍ အအေးခန်းကွန်တိန်နာများကို မသုံးနိုင်သဖြင့်ပင်လယ်ရေကြောင်းမှ တွင်တွင်ကျယ်ကျယ် တင်ပို့နိုင်ခြင်းမရှိကြောင်း၊ သဘာဝအတိုင်း သိုလှောင်ရာ တွင် ခြောက်လခန့်အတွင်း လေလွင့်မှုသည် ၂၀ မှ ၃၀ ရာခိုင်နှုန်း ခန့် အထိပင်ရှိလာကြောင်း ၎င်းကဆိုသည်။ လက်ရှိ ကြက်သွန်နီ (ဂွန်ကြီး) တစ်ပိဿာလျှင် ကျပ် ၄၀၀ မှ ၅၀၀ ကြား၊ ကြက်သွန်နီ (ဂွန်လတ်) တစ်ပိဿာလျှင် ကျပ် ၃၅၀ မှ ၄၀၀ ကြား၊ ကြက်သွန်နီ (ဂွန်သေး) တစ်ပိဿာလျှင် ကျပ် ၃၀၀ ခန့်သာ ဈေး နှုန်း ရရှိနေခြင်းကြောင့် ပွဲရုံများသို့ လာရောက်ရောင်းချသည့် တောင်သူများကို သယ်ယူပို့ဆောင်ခ အနည်း ငယ် ပြန်ပေးကြောင်း သိရသည်။ " ကြက်သွန်က ထားသိုဖို့လည်း မလွယ်ဘူး။ ပြီးတော့ အဝယ်ရှိပြီ ဆိုရင်ချက်ချင်း ဝုန်းဒိုင်းဆို ဈေးအများကြီး ပြန်တက်နိုင်တယ်။ တက်ရင်လည်း မြန်သလို ကျရင်လည်းမြန်ပြီးတော့ ကုန်စိမ်းဆန်တယ်။ လက်ရှိမှာတော့ စိုက်ပျိုး စရိတ်အောက် ရောက်နေတယ်။ တစ်ပိဿာကို ကျပ် ၃၅၀ ကနေ ၄၀၀ လောက်ရှိတယ်"ဟု မြန်မာနိုင်ငံ ကြက်သွန်ဖြူ ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဥက္ကဋ္ဌ က ပြောသည်။



၂၀၁၈- ၁၉ ဘဏ္ဍာခုနှစ် ကြားကာလအတွင်း တန်ချိန် ၃၃,၀၀၀ ကျော် အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၂,၀၀၀ ကျော် အမေရိကန်ဒေါ်လာ ၉ သန်းကျော် ၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ် တွင် တန်ချိန် ၆ သောင်းကျော် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၈၈၊ ၂၀၁၆- ၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၇,၀၀၀ ကျော် အမေရိကန်ဒေါ်လာ ၁၄ သန်းကျော် အသီးသီး ဈေးရရှိခဲ့သည်။ မြန်မာနိုင်ငံတွင် ကြက်သွန်နီ အဓိကစိုက်ပျိုးထုတ်လုပ်မှုတွင် မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်း ဒေသကြီး ၃ ခု သာဖြစ်ပြီး မန္တလေးတိုင်း ဒေသကြီးတွင် မြင်းခြံခရိုင်တွင် အများဆုံး စိုက်ပျိုးလျက်ရှိသည်။ Source: http://amiamyanmar.com/detail.aspx?id=7972

# နိုင်ငံတကာဈေးကွက်

## အော်ဂဲနစ် လက်ဖက်ခြောက် တစ်တန်ခွဲ ဂျာမနီနိုင်ငံသို့ တင်ပို့မည်

အော်ဂဲနစ်လက်ဖက်ခြောက် တစ်တန်ခွဲကို လာမည့်စက်တင်ဘာလအတွင်း ဂျာမနီနိုင်ငံသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း ပင်းတယလက်ဖက်အစုအဖွဲ့ဥက္ကဋ္ဌ ဦးလှဘော် က ပြောပါတယ်။ "လက်ဖက်ခြောက် နမူနာကို ၂၀၁၆ ကတည်းက ဂျာမနီကို ပို့ပေးခဲ့တာပါ။ ဒါပေမဲ့ သူတို့ဆီမှာ ဓာတ်ခွဲစမ်းသပ်တော့ လက်ဖက်ခြောက်က မီးခိုးနံ့ နည်းနည်းနံ

နေတယ်ပြောတယ်။ အဲဒါနဲ့ ကျွန်တော်တို့လည်း လိုအပ်တာတွေကို ပြန်လည်ပြင်ဆင်ပြီး ထပ်ပို့တော့ အဆင်ပြေသွားပါတယ်။ ပြီးခဲ့တဲ့နှစ်က တစ်တန် တင်ပို့ရောင်းချခဲ့ရပါတယ်"ဟု ၎င်းကဆိုပါတယ်။ ပင်းတယလက်ဖက်အစုအဖွဲ့ဝင်များ စုပေါင်းကာ လက်ဖက်ခြောက်ကို တင်ပို့ရောင်းချ ကြမည်ဖြစ်ပြီး လက်ဖက်အမျိုးအစားမှာ ရွှေဖီဦးနှင့် မိုးဖြစ်ကြောင်း ၎င်းကပြောပါတယ်။ မတ်လနှင့် ဧပြီလတွင် ခူးဆွတ်သည့် လက်ဖက်များကို ရွှေဖီဦး၊ မေလနှင့် ဇွန်လတွင် ခူးဆွတ်သည့် လက်ဖက်များကို ခါးကန်၊ ဇူလိုင်လမှ စက်တင်ဘာလအတွင်း ခူးဆွတ်သည့် လက်ဖက် များကို မိုး နှင့်



နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် ခူးဆွတ်သည့် လက်ဖက်များကို နှင်းသစ် ဟု အမျိုးအစား ခွဲခြားသတ်မှတ် ထားတယ်လို့ သိရပါတယ်။

လက်ဖက်ခင်းများကို မြေသြဇာထည့်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းတို့မပြုလုပ်ဘဲ သဘာဝအတိုင်းသာ စိုက်ပျိုးထားပြီး တစ်နှစ်လျှင် တစ်ဧကကို လက်ဖက်အစိမ်းပိဿာချိန် ၃၀၀ ခန့်ထွက်ရှိနိုင်ပါတယ်။ ပလောင်လက်ဖက်အသင်းကလည်း တရုတ်နိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့ရောင်းချရန် ပြင်ဆင်နေကြောင်း အသင်းအတွင်းရေးမှူး ဦးသိန်းထွေးက ပြောပါတယ်။ "တရုတ်ပြည်နယ်ပီကင်းက လက်ဖက်ခြောက်ဝယ်ယူဖို့ လာကမ်းလှမ်းထားတာ ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ လက်ဖက်ခြောက် နမူနာတွေ ပို့ပေးထားပါတယ်"ဟု ပြောပါတယ်။ လက်ဖက်ခြောက် တစ်ပိဿာလျှင် ကျပ် တစ်သောင်းခွဲမှ ကျပ်နှစ်သောင်းခွဲ အတွင်းရရှိနိုင်ရန် မျှော်မှန်းထားပြီး သင်္ကြန်ကာလအပြီးတွင် အရောင်းအဝယ်ကိစ္စများ အသေးစိတ်ညှိနှိုင်းဆွေးနွေး မည်ဖြစ်ကြောင်း ၎င်းကဆိုပါတယ်။ လက်ရှိတွင်လက်ဖက်ခြံများ၌ လုပ်သားရှားပါးသည့် ကိစ္စနှင့် ကြုံတွေ့နေရကြောင်း ဦးသိန်းထွေး ကဆိုပါတယ်။

လက်ဖက်ခူးဆွတ်သည့် လုပ်သားများအတွက် လုပ်အားခကို သတ်မှတ်ထားခြင်းမရှိဘဲ ခူးဆွတ်၍ ရရှိသည့် လက်ဖက်များကို ခြံပိုင်ရှင်နှင့် လုပ်သားတစ်ယောက်တစ်ဝက်စီ ရယူကြခြင်းဖြစ်ပါတယ်။ လုပ်သားတစ်ဦးလျှင် တစ်ရက်ခြောက်ပိဿာခန့်သာ ခူးဆွတ်နိုင်ကြောင်း၊ မပြုပြင်ရသေးသည့် လက်ဖက်ရွက်စျေးနှုန်းမှာ အနည်းဆုံး ကျပ် ၆၀၀ မှ အများဆုံး ကျပ် ၁,၂၀၀ သာရှိသဖြင့် လက်ဖက်ခူး တောင်သူများ၏ တစ်ရက်ဝင်ငွေမှာ ကျပ် ၁,၈၀၀ မှ ကျပ် ၃,၆၀၀ အတွင်းသာရှိကြောင်း၊ မြန်မာနိုင်ငံတွင် လက်ဖက်စိုက်ဧက နှစ်သိန်းကျော်ရှိပြီး လုပ်သားလိုအပ်ချက်မှာ တစ်ဧကလျှင် လူဦးရေ ၃၀၀ခန့် လိုအပ်ကြောင်း ပလောင်လက်ဖက်အသင်း စာရင်းများတွင် ဖော်ပြထားပါတယ်။

Source: http://www.myanmarbusiness-directory.com

## တရုတ်နိုင်ငံသို့ ယခုနှစ်အတွင်း ဖရဲ၊ သခွား တန်ချိန် ၁၀ သိန်းခန့် တင်ပို့နိုင်မည်ဟုဆို

တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းနေခြင်းကြောင့် နယ်စပ်မှ ဖရဲ၊ သခွားတင်ပို့မှု ယခုနှစ် တွင်တန်ချိန် ၁၀ သိန်းခန့်အထိ ရှိလာနိုင်ကြောင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေး ဇုန်သစ်သီးဝလံ ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိုင်းမြင့်ဖိုလ် ကပြောသည်။ ယမန်နှစ်က တရုတ်နိုင်ငံသို့ မူဆယ်နယ်စပ်မှဖရဲ၊ သခွားတင် ပို့မှုတန်ချိန်ရှစ်သိန်းခန့် ရှိသဖြင့် ယခုနှစ်တွင် ၂၀ ရာခိုင်နှုန်းခန့်တိုး တက်လာခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၌ အပူချိန်မြင့် တက်လာခြင်း ကြောင့်မြန်မာနိုင်ငံ မှ သစ်သီးဝယ်လိုအားကောင်းမွန်နေကြောင်း ၎င်းကပြောသည်။ "ဒီရက်ပိုင်းမှာ အသီးရောင်းအားက တက်နေတယ်"ဟု ဦးစိုင်းမြင့်ဖိုလ်ကပြောသည်။ မြန်မာနိုင်ငံ၏ ဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်သည့် ရာသီသည် မေလကုန်အထိ ရှိနေခြင်းကြောင့်သစ်သီးစျေးကွက်အရှိန်ကောင်းနေမည်ဟု မုံရွာမှဖရဲသီးစိုက်ပျိုးသည့် လုပ်ငန်းရှင်တစ်ဦးကပြောသည်။ လက်ရှိ၌မူဆယ်သို့နေ့စဉ် ဖရဲ၊ သခွားအဝင်ကားအစီးရေ ၅၀၀ ခန့် ရှိနေပြီး တရုတ်နိုင်ငံသို့ ကျင်စန်းကျော့ဂိတ်၊ပန်ဆန်းဂိတ်တို့မှတင်ပို့နေသည်။ တရုတ်နိုင်ငံ ဝမ်တိန် သစ်သီးကွင်းသို့ လမ်းကြောင်း နှစ်ခုမှ တင်ပို့နေခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာ လည်းမရှိတော့ကြောင်း မူဆယ်မြို့မှ ကုန်တင်ယာဉ်ပိုင်ရှင် တစ်ဦးကပြောသည်။



တရုတ်နိုင်ငံမှ ဝယ်လိုအား ကောင်းနေခြင်းကြောင့် သင်္ကြန်ရက်များတွင်ပင် သစ်သီးတင်ပို့ ရောင်းချမည်ဟု ဦးစိုင်းမြင့်ဖိုလ်က ပြောသည်။ လက်ရှိ၌မူဆယ်တွင် ဖရဲသီး တစ်တန်လျှင် အရည်အသွေးပေါ် မူတည်ပြီး ယွမ် ၂,၀၀၀ မှ ၃,၀၀၀ အကြားစျေးရှိနေသည်။ ငွေလဲ နှုန်းက တရုတ်ငွေတစ်ယွမ်လျှင် ၂၂၅ ကျပ်ဖြစ်သည်။ ထို့ကြောင့် ဖရဲတစ်တန်လျှင် ကျပ်လေးသိန်း ခွဲမှ ခြောက်သိန်းခွဲနှစ်သောင်းအ ကြားစျေးရှိသည် ။

Source: http://7daydaily.com/story/154004

## အမေရိကန်က ရေနံဈေးကွက်ကို ထိန်းကျောင်းပြီး ရေနံဈေးနှုန်းများကျဆင်းစေရန်ကြိုးပမ်းမည်

OPEC နှင့် OPEC+ နိုင်ငံများက ရေနံဈေးနှုန်းများကိုထိန်းချုပ်ရန်မဖြစ်နိုင်တော့သော်လည်း မဟာဗျူဟာမြောက်သော သိုးသန့်ရေနံစည်ပေါင်း သန်း ၇၀၀ ကျော်ရှိပြီး အမြင့်ဆုံး ရေနံထုတ်လုပ်မှု စည်ပေါင်း ၁၂ ဒသမ ၂ သန်း ရှိသည့် အမေရိကန်ပြည်ထောင်စုသည်လည်း ယင်း၏ ရေနံတစ်စည် ထုတ်လုပ်မှုတန်ဖိုးသည် OPEC+နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြင့်မားနေသည့်ကြားမှပင် ထုတ်လုပ်မှုကို ထပ်မံတိုးမြှင့်လာဖွယ်ရှိသည်။

USA သည် ယင်း၏ကိုယ်ပိုင်ထုတ်လုပ်မှုကို အကျိုးခံစားနေစဉ် ဖြစ်ပေါ်သည့်ကုန်ကျ စရိတ်များကြောင့် ဖြစ်စေ သို့မဟုတ် ဖြစ်နိုင်ခြေအရှိဆုံးမှာ ရေနံဈေးနှုန်းများကျဆင်းစေရန် တွန်းအားပေးခြင်းနှင့် အဓိကကျသော ဒေါ်လာ ၇၀ အရေအတွက်ကိုထိခိုက်ခြင်းမှ ကာကွယ်ခြင်း တို့အတွက် ယင်း၏မဟာဗျူဟာ အရန်ရေနံများကို အသုံးပြုနိုင်ဖွယ်ရှိသည် ဟူသော အရိပ် အယောင်များရှိသည်။ ဖြစ်နိုင်ခြေနှစ်ရပ်စလုံးတွင် အမေရိကန်အစိုးရသည် ရေနံဈေးနှုန်းများ ထိန်းချုပ်မှုနှင့် ပတ်သက်၍ ကိုယ်ပိုင်ထုတ်လုပ်မှုကိုထောက်ပံ့ရင်း OPEC၏အခန်းကဏ္ဍကိုလွှဲပြောင်းကာ ယင်း၏မူရင်း အမေရိကန်ကုမ္ပဏီများ လက်ထဲသို့ပြန်ယူမည့် အလျှော့မပေးသော သဘောထား ရှိသည်။

OPEC အဖွဲ့ဝင်များက ရေနံစိမ်းကို တစ်စည်လျှင် အနည်းဆုံးခန့်မှန်းကုန်ကျစရိတ် ၇ ဒေါ်လာအောက်ဖြင့် အကျိုးခံစားရသည့်တိုင်အောင် ၎င်းတို့သည် အခြားရေနံထုတ်လုပ်သော နိုင်ငံများမှ အလုပ်မ ကွာဝေးစွာလွှဲပြောင်း ရယူထားသော အသစ်စက်စက် ရှာဖွေတွေ့ရှိထားသည့် နန်းကျောက်ရေနံကို ယှဉ်ပြိုင်နိုင်ခြင်းမရှိသေးပေ။ ယင်းသည် နိုင်ငံတကာ အဓိကရေနံကုမ္ပဏီကြီးများအား ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို အမေရိကတွင်ပင် ဆက်လက်ထိန်းသိမ်းထားရန်နှင့် နိုင်ငံခြားတိုင်းပြည်များ အထူးသဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများ၌ ရင်းနှီးမြှုပ်နှံခြင်းမှ ရှောင်ရှားရန် လက်ရှိအချိန်တွင် တွန်းအားပေးလျက်ရှိသည်။ မကြာသေးမီက ယင်း၏မဟာဗျူဟာအရန်ရေနံကို လျှော့ချမည့် ရည်ညွှန်းပြောဆိုမှု သို့မဟုတ် အရိပ်အမြွက်သည် အီရန်နိုင်ငံအပေါ်ရေနံကုန်သွယ်မှု ပိတ်ပင်ထားခြင်းကို ထပ်မံဖြေလျှော့မှု ခွင့်မပြုရေးအား ကြိုတင်မျှော်မှန်း လုပ်ဆောင်မှုတွင်ယင်း၏ရေနံထုတ်လုပ်မှုမြှင့်တင့်မည့် လက္ခဏာတစ်ရပ်ကို OPEC+ နိုင်ငံများအား ပြသလိုက်ခြင်း ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ယင်းသည် ဗင်နီဇွဲလားနိုင်ငံအပေါ် တစ်ရက်လျှင် ရေနံ စည်ပေါင်း တစ်သန်း အောက်တင်ပို့မှုကိုဆက်လက်၍ တင်းကျပ်စွာထိန်းချုပ်ထားလိုက်သည်။

ယခုအခါ USA တွင် ရေနံဈေးနှုန်းကို ၆၅ ဒေါ်လာအောက်ကျဆင်းရေးအတွက်တွန်းအားပေးရန် ယင်း၏ မဟာဗျူဟာအရန်ရေနံအစိတ်အပိုင်းရိုးရှင်းစွာလျှော့ချခြင်းဖြင့် ရေနံဈေးနှုန်းများကို ထိန်းချုပ်ရန် ဆန္ဒကို၂၀၂၀ သမ္မတ ရွေးကောက်ပွဲမတိုင်မီထိုသို့လုပ်ဆောင်ပြီး ပြည်တွင်း ဓာတ်ဆီဈေးများ ကျဆင်းမှုကို ထိန်းသိမ်းကာ ပြင်ပနိုင်ငံများ လက်ထဲရှိထိန်းချုပ်မှုအစား ယင်း၏ လက်အတွင်း ထိန်းချုပ်မှုကိုဆက်လက် ထိန်းသိမ်းနိုင်လျှင် ယင်းတွင် ရေနံဈေးနှုန်းများကို ထိန်းချုပ်ရန် လွတ်လပ်သော ကိုယ်ပိုင်လမ်းကြောင်း ကိုတွေ့ရှိမည်ဖြစ်သည်။ နှစ်ပေါင်း ၅၀ မပြည့်မီအတွင်း USA သည် နိုင်ငံခြားရေနံများ တင်သွင်းရန် မလိုအပ်ဘဲ ရေနံ အမှီအခိုကင်းလာ လျက်ရှိသည်။ USA ၏ရေနံဈေးနှုန်းများ ထိန်းချုပ်မှုနှင့်အတူ OPEC နှင့် ယင်း၏မိတ်ဖက်သစ်များသည် ရေနံဈေးကွက် များတွင် ထိရောက်မှု နည်းလာလျက်ရှိသည်။ ယခုအခါ သမ္မတထရန့် ၏တွစ်တာသည် OPEC တွင်မဟုတ်ဘဲ မြို့အတွင်းတွင်တိုက်ရိုက် ဈေးနှုန်းသတ်မှတ်သူ ဖြစ်လာ လျက်ရှိသည်။

Source:https://www.facebook.com/groups/1771811403052814/permalink/2359633807603901/

## အီရန်ရေနံတင်ပို့ကုန် ဝယ်ယူသည့်နိုင်ငံများအား အရေးယူမည်ဟု အမေရိကန်ထုတ်ပြန်

အီရန်နိုင်ငံရဲ့ ရေနံတင်ပို့ကုန်တွေကို ဝယ်ယူနေတဲ့ နိုင်ငံတွေကိုလည်း စီးပွားရေးပိတ်ဆို့အရေးယူသွားမှာ ဖြစ်တယ်လို့ အမေရိကန် အစိုးရကထုတ်ပြန်ကြေညာလိုက်ပါတယ်။ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ တူရကီနိုင်ငံတွေ အနေနဲ့ အီရန်ကရေနံတင်ပို့ကုန်တွေ ဝယ်ယူနေတာကို မေလနောက်ဆုံးထားပြီး ရပ်ဆိုင်းပေးဖို့နဲ့ သတ်မှတ်ကာလ ကျော်တဲ့အထိ ဝယ်ယူနေသေးတဲ့ နိုင်ငံတွေကို စီးပွားရေးပိတ်ဆို့အရေးယူသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

အီရန်နိုင်ငံဟာ ရေနံတင်ပို့မှုကနေ အဓိက ငွေဝင်နေတာဖြစ်ပြီး အီရန်အနေနဲ့ ရေနံတင်ပို့မှု မလုပ်နိုင်အောင် အမေရိကန် အစိုးရက အခုလိုဆုံးဖြတ်ခဲ့တာပဲ ဖြစ်ပါတယ်။ နောက်တစ်ချက်က အီရန်နိုင်ငံ ရေနံတင်ပို့ကုန် အမြောက်အများကို တရုတ်နိုင်ငံက ဝယ်ယူနေတဲ့အပေါ် အမေရိကန် အစိုးရက မကြိုက်လို့လည်း ပါပါတယ်။

Source: https://www.facebook.com/groups/1771811403052814/permalink/2368261633407785/

### အမေရိကန်နဲ့ ဒီးယူအကြားကုန်သွယ်ရေးတင်းမာမှုများမြင့်တက်လာပြန်တဲ့ အခိုက်အတန့်

ထရမ့်မှ ဒီးယူအနေဖြင့်ဥရောပလေယာဉ်ကုမ္ပဏီကြီးများအားတရားမဝင်ထောက်ပံ့မှုများ ပေးနေမှုအား တုန့်ပြန်သောအားဖြင့် ဒီးယူမှအမေရိကန်သို့တင်သွင်းနေသော ဒေါ်လာ ၁၁ ဘီလီယံတန်ဖိုးရှိ သွင်းကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် ဧပြီလ ၉ ရက်နေ့က ခြိမ်းခြောက်လိုက်သည်။

ဘရပ်ဆဲလ်မှလည်း လိုအပ်ပါက ဝါရှင်တန်ကို တန်ပြန် ရန်အဆင့်သင့်ရှိနေသည်ဟု ယနေ့အချက်ပြလိုက်သဖြင့် အမေရိကန်နှင့် ဒီးယူကြားတင်းမာမှုမှာမြင့်တက်လာခဲ့ပြီဖြစ်သည်။

အမေရိကန်က ဒီးယူအနေဖြင့် ဥရောပလေယာဉ်ကုမ္ပဏီကြီးများအားထောက်ပံ့နေမှုသည် အမေရိကန် ကုမ္ပဏီများအပေါ် ထိခိုက်မှုများရှိသည်ဆိုကာ ကမ္ဘာ့ကုန်သွယ်ရေးကောင်စီ WTO တွင်တရားစွဲဆိုထားသည်မှာ ၁၄ နှစ်ရှိခဲ့ပြီဖြစ်ပြီး ယခုကဲ့သို့ WTOမှ အမေရိကန်၏ နစ်နာမှုသည် နှစ်စဉ်ဒေါ်လာ ၁၁ ဘီလီယံရှိသည်ကို တွေ့ရှိကြောင်း ထုတ်ပြန်ပြီး နောက် အမေရိကန်က အခွန်တိုးမြှင့် ကောက်ခံရန် ခြိမ်းခြောက်လိုက်ခြင်းဖြစ်သည်။

source:https://www.facebook.com/a9biz/posts/2381931038505472

## ပြည်တွင်းကုန်သွယ်မှုသတင်း

### ပန်းတနော်တွင် ခေတ်မီငါးသားဖောက်စက်ရုံနှစ်ရုံတည်ဆောက်နေ

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ ငါးမွေးမြူထုတ်လုပ်မှု အထူးဇုန်တွင် ခေတ်မီ ငါးသားဖောက်စက်ရုံနှစ်ရုံကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။ ဧက ၃၅၀၀ ကျော် ကျယ်ဝန်းသော ရေနက်ကွင်းတွင် ဧက ၉၀၀ ၌ ငါးမွေးမြူရေးကန်များနှင့် ငါးအသားလွှာထုတ်စက်ရုံ၊ ငါးခေါင်း နှင့် ငါးအရိုးထုတ် စက်ရုံ၊ ငါးမုန့်စက်ရုံ၊ ငါးအစာတောင့်စက်ရုံ၊ အအေးခန်းစက်ရုံနှင့် ငါးအသားပေါက်ထုတ်လုပ်ခြင်းမှ ပြည်သို့တစ်နေရာတည်းမှ ထုပ်ပိုးတင်ပို့နိုင်သောစက်ရုံများဖြင့် ထိုဇုန်ကြီးတွင် ခေတ်မီ ငါးသားဖောက် စက်ရုံနှစ်ရုံကို တည်ဆောက် နေခြင်းဖြစ်သည်။

"ငါးတန်အထိး၊ အမကောင်ရေ တစ်သိန်းနှစ်သောင်းကို ပြုစုကန်တွေထဲမှာပြုစုပြီးတော့ သားဖောက်လုပ်ငန်း စတင်နေပါပြီ။ ခေတ်မီငါးသားဖောက်စက်ရုံ နှစ်ရုံ တည်ဆောက်နေပါတယ်။ ဈေးကွက်ဝင် ငါးတန် ကိုတစ်နှစ်မှာ ဆယ်လ သားဖောက်မှာပါ။ ပြည်တွင်းမှာအတွေ့အကြုံရှိတဲ့ပညာရှင်တွေက နည်းပညာနဲ့အကျိုးတူ သားဖောက်မယ့်စက်ရုံဆိုပြီး ရှိပါမယ်။ သားဖောက်ထားတဲ့ ငါးတန် ကိုငါးကန်တွေမှာ မွေးပြီး စက်ရုံကအစာကျွေးပြီးတော့ ဖော်ချိန်တန်ရင်ပြန်ဖော်ပြီး အအေးခန်းစက်ရုံတွေမှာ ပြုပြင်ထုတ်လုပ်ပြီးတဲ့အခါမှာ ကွန်တိန်နာယာဉ်နဲ့သင်္ဘောဆိပ်ကိုပို့ဆောင်မှာပါ"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူးကပြောသည်။ ထိုဇုန်ကြီးတွင် ပင်မ ရေမြောင်းကြီးမှ ငါးကန်များအတွင်း ရေသွင်းနိုင်သော ရေမြောင်း လက်တက်ငယ်များနှင့် ငါးကန်များကို မိုးရာသီမရောက်မီ အချိန်မီတူးဖော်လျက်ရှိပြီး အအေးခန်းဖြင့် ငါးပြုပြင် ထုတ်လုပ်သောစက်ရုံနှင့် အစာစက်ရုံတို့ကို ဘိုးပိုင်ရိုက်သော



လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ မေလကုန်တွင် ပန္နက်တင်အခမ်းအနား ကျင်းပနိုင်ရန် မြန်ဆန်စွာလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါးကန်တစ်ကန်လျှင် သုံးဧက အကျယ်၊ အနက် ၁၆ ပေရှိ၍ တစ်ဧကလျှင် ငါးတန် သားပေါက် ကောင်ရေ တစ်သိန်းနှစ်သောင်းမွေးမြူမည်ဖြစ်ပြီး တစ်ကန်လျှင် ငါးဧကအကျယ်ထိ မွေးမြူနိုင်ရန် အချို့သောငါးကန်များကို တူးဖော်လျက်ရှိသည်။ ဈေးကွက်ဝင် ငါးတန် အပြင် ရေချိုပုစွန်နှင့် တီလားပီးယား စသည့် ပြည်ပဈေးကွက်ဝင် ရေထွက်ကုန်များကို မွေးမြူထုတ်လုပ် သွားမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေရရှိလျက် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာမည်ဖြစ်ရာ အလုပ်သမားများအတွက် ဈေးနှင့် စာသင်ကျောင်းကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ငါးတန် တင်ပို့မှုဖြင့် နိုင်ငံခြားဝင်ငွေ နှစ်စဉ်ရရှိလျက်ရှိပြီး နိုင်ငံ့စီးပွားရေးကို စိုက်ပျိုးရေးနှင့် မွေးမြူရေးမှ အထောက်အပံ့ကောင်းများ ရရှိစေလျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ငါး၊ ကဏန်းနှင့် ပုစွန်တို့ကို တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မွေးမြူထုတ်လုပ်လျက်ရှိသော်လည်း ကြီးမားသော ငါးမွေးမြူထုတ်လုပ်မှု အထူးဇုန်တစ်ခုအနေဖြင့် ဤဇုန်တစ်ခုတည်းသာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၍ ရန်ကုန်မြို့နှင့် မို ၇၀ ကျော်ဝေးကွာသော ပန်းတနော်မြို့နယ်ရှိ ငါးမွေးမြူ ထုတ်လုပ်မှု

အထူးဇုန်ကြီး၌ ပြည်ပဂယ်လိုအားကောင်းသော ငါးတန် မျိုးစိတ်ကို ပြည်ပမှ မှာယူခြင်းထက် မြန်မာနိုင်ငံတွင် မွေးမြူထုတ်လုပ်နိုင်ရန် ခေတ်မီငါးသားဖောက်စက်ရုံကြီး နှစ်ရုံကို တည်ဆောက်လျက် ရှိကြောင်း သိရသည်။

Source: https://www.facebook.com/MYANMAALINNNEWS/posts/2262974387276390?

## ၂၀၃၀ တွင် မြန်မာနိုင်ငံ၏ ဂျီဒီပီ ဒေါ်လာဘီလီယံ ၂၀၀ ခန့်ရှိမည်ဟု နိုင်ငံခြားအာမခံကုမ္ပဏီ ခန့်မှန်း

၂၀၃၀ တွင် မြန်မာ နိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်ကုန်တန်ဖိုး (ဂျီဒီပီ) သည် ကန်ဒေါ်လာ ဘီလီယံ ၂၀၀ အထိ မြင့်တက်လာမည်ဟု မြန်မာနိုင်ငံ ၌ အသက်အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိထားသော Prudential Corporation Asia ကုမ္ပဏီက ခန့်မှန်းသည်။

မြန်မာနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုကို ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ ဖြိုးရေးဘဏ်တို့က တစ်နှစ်လျှင် ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအကြားရှိမည်ဟု ခန့်မှန်းသည်။ ယခု ဘဏ္ဍာနှစ် ၂၀၁၈ အောက်တို ဘာမှ ၂၀၁၉ စက်တင်ဘာအထိ မြန်မာနိုင်ငံ၏ ဂျီဒီပီတန်ဖိုးသည် ကျပ် ၁၀၆,၀၉၆ ဘီလီယံ ရှိမည် ဟု အစိုးရဘတ်ဂျက်တွင် ခန့်မှန်း ထားသည်။ ဘတ်ဂျက် (အစိုးရ၏ တစ်နှစ်တာရငွေ၊ သုံးငွေလျာထား စာရင်း) ၌ မြန်မာနိုင်ငံ၏ ဂျီဒီ ပီတန်ဖိုးကိုတွက်ရာတွင် ငွေလဲ နှုန်းကို ကန်တစ်ဒေါ်လာလျှင် ၁,၃၆၀ ကျပ်ဖြင့် ရေးဆွဲတွက်ချက် ထားသည်။ အဆိုပါငွေလဲနှုန်းဖြင့် ဆိုပါက မြန်မာနိုင်ငံ၏ ဂျီဒီပီသည် ဒေါ်လာ ၇၈ ဘီလီယံကျော်သာရှိ သည်။

နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများ၏ ခန့်မှန်းထားသော ဂျီဒီပီတိုးတက်မှု နှုန်းအရတစ်နှစ်လျှင် ဒေါ်လာ ခြောက်ဘီလီယံအောက်တွင် ရှိနေသည်။ Prudential Corporation Asia သည် အာဆီယံ ရှစ်နိုင်ငံနှင့် တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ နှင့် ထိုင်ပေတို့တွင်အာမခံ လုပ်ငန်းများ တည်ထောင်ထားသော ဗြိတိန်နိုင်ငံ၏ အာမခံလုပ်ငန်းခွဲတစ်ခုအဖြစ် ရပ်တည်နေသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။

ဧပြီ ၅ ရက်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံခွင့်ပြုပေးခဲ့သော နိုင်ငံခြားအသက်အာမခံ ကုမ္ပဏီ ငါးခုတွင်ပါဝင်သည့် Prudential အာမခံ ကုမ္ပဏီက ၂၀၂၀ ပြည့် နှစ်တွင် မြန်မာနိုင်ငံ၌ အလယ်အလတ်တန်းနှင့် ချမ်း သာကြွယ်ဝသူဦးရေ ၁၅ ရာခိုင် နှုန်းခန့်ရှိမည်ဟု ခန့်ထားသည်။

ထို့အပြင်အာမခံလုပ်ငန်းကဏ္ဍ ဖြေလျှော့ပေးမှုကအလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း၊ အရည်အသွေးမီ နိုင်ငံ ခြားရင်းနှီးမြှုပ်နှံမှုများစီးဝင်ခြင်းနှင့် ငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုး တက်ခြင်းကို ဆောင်ကြဉ်းပေးနိုင်ကြောင်း ကုမ္ပဏီ အမှုဆောင် အရာရှိ Mr Nic Nicandrou က ပြောသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ခွင့်ပြုခဲ့သော နိုင်ငံခြားအာမခံကုမ္ပဏီ ငါးခုတွင် အမေရိကန်၊ ဂျပန်၊ ဟောင်ကောင် နှင့် ကနေဒါနိုင်ငံတို့မှ ကုမ္ပဏီများ ပါဝင်သည်။ နိုင်ငံခြားအာမခံကုမ္ပဏီများ မြန်မာနိုင်ငံသို့ ရောက်ရှိလာခြင်းကြောင့်သက်ဆိုင်ရာနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများလည်းထပ်မံ ဝင်ရောက်လာနိုင်သော အခွင့်အရေးရရှိမည်ဟု မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။

Source: http://7daydaily.com/story/154005

# ပြည်ပကုန်သွယ်မှုသတင်း

## ဂျုံသီးနှံ ဖွံ့ဖြိုးတိုးတက်ရေး အပြည်ပြည်ဆိုင်ရာ သုတေသနဗဟိုဌာနတို့ ပူးပေါင်းလုပ်ဆောင် သွားမည်

ဂျုံသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး သုတေသန ဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပြောင်းနှင့် ဂျုံသီးနှံ ဖွံ့ဖြိုးတိုးတက်ရေး သုတေသန ဗဟိုဌာန (CIMMYT) တို့ ပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း စိုက်ပျိုးရေး သုတေသန ဦးစီးဌာနမှ သတင်းရရှိသည်။ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက"သုတေသနဌာနက သုတေသန လုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်တာနဲ့အညီ ပြောင်းသီးနှံ မျိုး မျိုးသစ်တွေရရှိရေး ကြိုးပမ်း ဆောင်ရွက်နေတယ် ” ဟု ပြောသည်။

